**ဖိုကိုလာရေလှုပ်ရှားမှု**

**အသက်ပေးသည့်**
**နှုတ်တော်ထွက်စကား**

စက်တင်ဘာလ ၂၀၁၆

“အားလုံးတို့သည် သင်တို့နှင့်သက်ဆိုင်ကြသည်၊ သင်တို့သည်လည်းခရစ်တော်နှင့်သက်ဆိုင်ကြသည်” (၁ကော် ၃း၂၂ –၂၃)

အဆိုပါစကားစုမှာ ကောရင့်သုမြို့ရှိ ခရစ်ယာန်အသိုင်းအဝိုင်းအတွက် ဖွဲ့ဆိုခဲ့ခြင်းဖြစ်ပါသည်။ ယင်းကား အလွန်ပင်အသက်ဝင်လှသည်၊ ဦးဆောင်ဦးရွက်မှုအပြည့်အဝရှိသည်၊ သီးခြားဆွဲဆောင်မှုရှိသည့် ခေါင်းဆောင်များအား အုပ်စုအဖွဲ့များအဖြစ်ပေါင်းကူးဆက်သွယ်ပေးသည်။ ယင်းကား တစ်ဦးချင်းသော်လည်းကောင်း၊ အုပ်စုအဖွဲ့များအကြားတွင်သော်လည်းကောင်း တင်းမာမှုများ၊ ကွဲပြားစေမှုများ၊ ပုဂ္ဂိုလ်ရေးစွဲလမ်းအယူသီးမှု၊ လွှမ်းမိုးလိုမှုများကိုလည်း မြင့်တက်စေခဲ့ပါသည်။ ရှင်ပေါလူးက အားလုံးသို့ ပြတ်သားစွာဖြင့် ကြားဝင်သတိပေးခဲ့သည်မှာ အမျိုးမျိုးသောကျေးဇူးတော်များနှင့် ကြွယ်ဝပြည့်စုံသော အဖွဲ့အစည်းအသိုင်းအဝိုင်းနှင့် ဦးဆောင်သူတို့အား ဘုရားသခင်နှင့်သက်ဆိုင်သော စည်းလုံးညီညွတ်ခြင်း၌ ပို၍လေးနက်သော ပေါင်းစည်းမှုရှိဖို့ဖြစ်သည်။

တစ်ဖန်ခရစ်ယာန်တို့က “ဘုရားသခင်သည် ကျွန်ုပ်တို့နှင့် အတူ ရှိသည်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏သားသမီးများ၊ ဘုရားသခင်နှင့်သက်ဆိုင်သူများဖြစ်လျှင် လမ်းမလွဲနိုင်၊ မိဘမဲ့မဖြစ်နိုင်၊ စွန့်ပစ်ခြင်းမခံရ” ဟု ဟစ်ကြွေးသံက ဂယက်ထလျက်ရှိသည်။ စစ်မှန်သောဖခင်တစ်ဦးအနေဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့၏ကောင်းကျိုးအတွက် ဘာမျှလစ်ဟာခြင်းမရှိဘဲ တစ်ဦးချင်းအပေါ် ကြည့်ရှုစောင့်ရှောက်မှုတော်မူပါသည်။ အမှန်က “ကမ္ဘာလောက၊ အသက်ရှင်ခြင်း၊ သေခြင်း၊ ပစ္စုပ္ပန်၊ အနာဂတ် အရာအားလုံးတို့သည် ကိုယ်တော်ရှင်ပိုင်ပါသည်။” ဟု ရှင်ပေါလူးအခိုင်အမာဆိုခဲ့သည့်အတိုင်း ဘုရားသခင်သည် မဟာကရုဏာမေတ္တာတော်နှင့် ပေးကမ်းခြင်းအရာ၌ လွန်စွာသဒ္ဓါရက်ရောလှပါသည်။ ဘုရားသခင်သည် တစ်ပါးတည်းသောသားတော် သခင်ယေရှုးကိုပင် စွန့်လွှတ်ပေးအပ်တော်မူခဲ့ပါသည်။

ဘုရားသခင်ဘက်မှ ကြီးမားသောယုံကြည်မှုနှင့် ကျေးဇူးတော်တစ်ခုချင်းစီအား ကျွန်ုပ်တို့၏လက်သို့ ပေးအပ်နေပါသည်။ ကိုယ်တော်ရှင်ပေးသော ထိုကျေးဇူးတော်များကို ကျွန်ုပ်တို့ မည်မျှလောက် အလွဲသုံးစားပြုနေခဲ့မိပြီလဲ။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို ဖန်ဆင်းရှင်များအဖြစ်ယုံကြည်နေခဲ့ကြပြီး ယင်းယုံကြည်ချက်ကို အခမ္ဘလုယက်ယူငင်နေကြသည်၊ ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများ၏အရှင်သခင်များအဖြစ်နှင့် သူတို့အား

ခေါင်းပုံဖြတ်နေကြသည်၊ မိမိတို့၏ကိုယ်ပိုင်ဘ၀အသက်တာ၏အရှင်သခင်များအဖြစ်ခံယူလျက် တလွဲမာနနှင့် အချိန်ဖြုန်းကာ မိမိကိုယ်ကိုဖျက်ဆီးနေကြသည်။

ဘုရားသခင်၏ ကြီးမြတ်လှသောလက်ဆောင်တော်ကား 'အားလုံးတို့သည် သင်တို့နှင့်သက်ဆိုင်သည်'။ ကျေးဇူးတင်ရပေမည်။ ကျွန်ုပ်တို့သည် မကြာခဏဆိုသလို မိမိ၌မရှိသည့်အရာအတွက် ညည်းတွားတတ်ကြပြီး ထိုအခါကျမှသာ ဘုရားသခင်ထံလှည့်၍ ဆုတောင်းတတ်ကြသည်။ ကျွန်ုပ်တို့အနေဖြင့် မိမိတို့ပတ်ဝန်းကျင်ရှိ အလှတရားများနှင့် ကောင်းမြတ်ခြင်းများတို့ကို အဘယ်ကြောင့် မမြင်ကြသနည်း။ နေ့စဉ်နှင့်အမျှကိုယ်တော်ရှင် ပေးနေသောအရာများအတွက် အဘယ်ကြောင့် ကျေးဇူးတင်ကြောင်း မပြောကြသနည်း။

'အားလုံးတို့သည် သင်တို့နှင့်သက်ဆိုင်သည်' ဟုဆိုရာဝယ် တာဝန်ခံမှုလည်းဖြစ်ပါသည်။ ယင်းက ကျွန်ုပ်တို့အာရုံစိုက်ဖို့၊ ကျွန်ုပ်တို့၏သိမ်မွေ့နူးညံ့မှုနှင့် ကျွန်ုပ်တို့အား ပုံအပ်ထားသောကောင်းမြတ်သည့် အရာ အားလုံးကို ထိန်းသိမ်းစောင့်ရှောက်ဖို့ တောင်းဆိုနေပါသည်။ ဤသို့ဆိုရာဝယ် သခင်ယေဇူးက ကျွန်ုပ်တို့အား ကြည့်ရှုပြုမူခဲ့သကဲ့သို့လည်းကောင်း၊ ဘုရားသခင်သည် သခင်ယေဇူးအပေါ် ပြုခဲ့သကဲ့သို့လည်းကောင်း တစ်လောကလုံး၊ သက်ရှိလူသားအားလုံး (သင်တို့သည်လည်း ခရစ်တော်နှင့်သက်ဆိုင်သည်)ကြည့်ရှုပြုစုရန် ဖြစ်သည်။

ကျွန်ုပ်တို့အနေဖြင့် ဝမ်းမြောက်ပျော်ရွှင်သောသူတို့နှင့်အတူ ဝမ်းမြောက်ခြင်းရှိသကဲ့သို့ ဝမ်းနည်းပူဆွေး သူတို့နှင့်လည်းအတူ ထပ်တူခံစားတတ်ရမည်။ ငိုကြွေးမြည်တမ်းခြင်း၊ ခွဲခြားခြင်း၊ နာကျင်ခံစားမှုတိုင်းကို ကိုယ်ပိုင်အလား မျှဝေခံယူတတ်ရန်အသင့်ရှိရပါမည်။ ယင်းတို့ကို ချစ်ခြင်းမေတ္တာအဖြစ်သို့ ပြောင်းလဲလာသည် အထိဖြစ်ရမည်။ အရာအားလုံးတို့ကို ကျွန်ုပ်တို့အားပေးထားသည်ဖြစ်၍ ကျွန်ုပ်တို့ကလည်း သခင်ခရစ်တော်ထံ ပြန်လည်ဆောင်ယူပေးကြရမည်။ ဤသည်ကား အသက်တာ၏ပြည့်ဝစုံလင်ခြင်းနှင့် ဘုရားသခင်အတွက် ပေတည်း။ ထိုပန်းတိုင်ခရီးဆုံးရောက်ဖို့ အရာတစ်ခုစီတိုင်းနှင့် လူတစ်ဦးချင်းစီနှင့်သက်ဆိုင်သော ဂုဏ်သိက္ခာ နှင့် အလေးနက်ဆုံးအဓိပ္ပာယ်တို့ကို ပြန်လည်ပေးဆက်ကြရပေမည်။

၁၉၄၉ခုနှစ် နွေရာသီ၏နေ့တစ်နေ့တွင် ကယားရာလူးဘစ်သည် သတို့သားနှင့် သတို့သမီးတို့၏ သစ္စာချည်နှောင်မှုမျိုးကဲ့သို့သော ခရစ်တော်နှင့် တစ်လုံးတစ်ဝတည်းရှိခြင်းမျိုးကို တို့ထိခံစားခဲ့ရပါသည်။ ထိုအဖြစ်က သူမအား သတို့သားသို့ပေးရမည့် အသွင်းပစ္စည်းအဖြစ်ယူဆောင်လာရမည့်အရာကို စဉ်းစားမိ စေပြီး ထိုအရာသည်ကား ဖန်ဆင်းခြင်းအရာအားလုံးပင်ဖြစ်ကြောင်း နားလည်သဘောပေါက်စေခဲ့ပါသည်။ သခင်ယေဇူးဘက်ကလည်း ကောင်းကင်နိုင်ငံတော်တစ်ခုလုံး၏ မွေခံထိုက်သူအဖြစ် ဆောင်ကြဉ်းပေးလိမ့်မည် ဖြစ်သည်။ ထို့နောက် သူမ သတိရမိသော ဆာလံကျမ်းမှာ "ငါ့ထံမှတောင်းလော့၊ ငါသည်လူမျိုးအပေါင်းတို့ကို သင်၏အမွေအနှစ်ဖြစ်စေမည်။ သင်သည် ကမ္ဘာမြေကြီးစွန်းတိုင်အောင် ပိုင်စိုးလိမ့်မည်။" (ဆာလံ၂း၈) ထို့နောက် သူမက "ကျွန်မတို့ယုံကြည်ပါတယ်၊ ဘုရားသခင်ကို ကျွန်မတို့ဆုတောင်းတဲ့အခါ သူ့ထံပြန်လည် ဆောင်ယူသွားနိုင်တဲ့အရာအားလုံးကို ကိုယ်တော်ရှင်သည်ပေးမယ်ဆိုတာပါပဲ။ ကျွန်မတို့ဟာ ဖန်ဆင်းခံများ ဖြစ်ပြီး ဘုရားသခင်ကတော့ ဖန်ဆင်းခြင်းမခံရသူဖြစ်တယ်"ဟု မှတ်ချက်ပေးခဲ့ပါသည်။

သူမအသက်တာ၏နောက်ဆုံးချိန်ထိတိုင် သူမအသက်သွင်းခဲ့သောဤလှုပ်ရှားမှုကြီးနှင့် မိမိကိုယ်ကို ပြန်လည် ထောက်ရှုဆင်ခြင်ခဲ့ခြင်းတို့ကို ပြောကြားသော သူမ၏မှတ်တမ်းတွင် " ယခု ကျွန်ုပ်၏နောက်ဆုံး ဆန္ဒကား အဘယ်အရာဖြစ်မည်နည်း။ Work of Mary (ဖိုကိုလာရေလှုပ်ရှားမှုကြီး)သည် စောင့်မျှော်လျက်

ရှိသော နောက်ဆုံးသော နေ့ရက်ရောက်သည့်အခါ အစွန့်ပစ်ခံနှင့် ရှင်ပြန်တော်မူသော သခင်ယေဇူး၏ ရှေ့တော်မှောက်ဝယ် ကိုယ်တော်ရှင်မိန့်တော်မူခဲ့သည့်အတိုင်း စည်းလုံးခြင်းကို တစ်ဖန်ရွတ်ဆိုနိုင်ပြီး ကျွန်ုပ်၏စိတ်ကို အစဉ်တို့ထိခွန်အားဖြစ်စေသော ဘယ်လ်ဂျီယံမှ ဓမ္မဗေဒပညာရှင် Jacques Leclercq အရေးအသားဖြစ်သည့် "အိုသခင်ဘုရား၊ ကိုယ်တော်ရှင်၏အချိန်ကျရောက်ပါလျှင် ကမ္ဘာကြီးအား ကျွန်ုပ်လက်၌ထွေးပိုက်လျက် ဆောင်ယူခဲ့ပါမည်" ဟူသော ကျွန်ုပ်၏ အပြင်းပြဆုံးတောင့်တမျှော်လင့်ခြင်းနှင့်အတူ ကိုယ်တော့်ထံ အကျွန်ုပ်လာပါမည်"ဟု ရေးသားဖော်ပြခဲ့ပါသည်။

*Fabio Ciardi*

သကြားမုန်လာဖျော်ရည်

လွန်ခဲ့တဲ့ နှစ်အနည်းငယ်ကမှ မုဆိုးမတစ်ဦးဖြစ်လာတဲ့ ခရစ္စတီးနားဟာ သူ့ယောက်ျားဆုံးပြီးကတည်းက ရင်ဆိုင် ပေါ်ပေါက်လာတဲ့ အခက်အခဲများကို ဘယ်တော့မှ အရှုံးအပေးဘဲ ကြံ့ကြံ့ခံရင်ဆိုင်ခဲ့ပါတယ်။ အမှန်က သူဟာ အခြားသူများကို အဆတိုးပြီးကူညီဖို့ သန္နိဋ္ဌာန်ပြုထားခဲ့တာပါ။ အလုပ်မှာ သူ့လိုပဲ မုဆိုးမဖြစ်တဲ့ လုပ်ဖော်ကိုင် ဘက် တစ်ယောက်ကတော့ သူ့ပြုမူနေထိုင်ပုံကြောင့် အခြားသူတွေက အနှစ်သက်ကြဘူး။ တစ်နေ့မှာတော့ အဲဒီအမျိုးသမီးဟာ မျက်နှာဖြူဖတ်ဖြူရော်နဲ့မို့ ခရစ္စတီးနားက "ဘယ်လိုဖြစ်တာလဲ" ဆိုပြီးမေးပါတယ်။ ဒီအမျိုးသမီးက 'သူနေမကောင်းဘူး၊ ဆေးတွေလည်း အများကြီး သောက်နေရတယ်' ဆိုပြီး အသံရဲ့ရဲ့လေးနဲ့ ပြန်ဖြေခဲ့ပါတယ်။ ဒါနဲ့ပဲ ခရစ္စတီးနားက သကြားမုန်လာဖျော်ရည်တစ်ပုလင်း အပတ်စဉ် သူ့အတွက်ပြင်ဆင်ပေးခဲ့ပါတယ်။ ဒီလိုပြုစုမှုကြောင့် လုပ်ဖော်ကိုင်ဘက်အမျိုးသမီးအဖို့ အံ့အားသင့်ခဲ့ကြရပြီး "နင်အခုလို အခြား သူတွေအတွက်လုပ်ပေးနိုင်ဖို့ စွမ်းအားဟာ ဘုရားသခင်ဆီကလာတာပဲဖြစ်မယ်၊ နင်က ငါ့လိုမဟုတ်ဘူး။ ငါက တော့ ယောက်ျားဆုံးပြီးကတည်းက ဒေါသနဲ့ နာကျင်မှုတွေနဲ့ ပဲရှင်သန်နေခဲ့ တယ်။ အဲဒါက ငါ့မှာရှိနေတဲ့ တကယ့်ရောဂါပဲ။" လို့ ခရစ္စတီးနားကို ဖွင့်ပြော လာခဲ့ပါတော့တယ်။

C.K. Hungary